C B BANK CB Co-Branded Creditcard (MPU-UPI) Questions & Answers



၁။ CB Co-branded Credit Card (MPU-UPI) ဆိုသည်မှာအဘယ်နည်း။

CB Co-branded Credit Card (MPU-UPI) ဆိုသည်မှာ CB Bank မှ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထုတ်လုပ်သောကတ်ဖြစ်၍ ပြည်တွင်း၌ MPU Credit Card အဖြစ်သုံးစွဲနိုင်ပြီး၊ ပြည်ပ၌ UnionPay Credit Card အဖြစ်သုံးစွဲနိုင်မည့် နှစ်မျိုးသုံး Co-branded Credit Card အမျိုးအစားဖြစ်ပါသည်။ CB Co-branded Credit Card (MPU-UPI) ဖြင့် ATM စက်များတွင် ငွေသားထုတ်ယူနိုင်ခြင်း ၊ POS စက်တပ်ဆင်ထားသော Merchant များတွင်စျေးဝယ်ခြင်း၊ Online မှ ငွေပေးချေခြင်းများကို ပြည်တွင်းရော၊ ပြည်ပတွင်ပါ လွယ်ကူစွာ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

၂။ CB Co-branded Credit Card (MPU-UPI)ကိုမည်သည့်နေရာများတွင် အသုံးပြုနိုင်မည်နည်း။

CB Co-branded Credit Card (MPU-UPI)ကို မြန်မာနိုင်ငံအတွင်းရှိ MPU အမှတ်တံဆိပ်များအား လက်ခံသော OnlineShopping များ MPU Ecommerce Website များ ၊အဆင့်မြင့်ကုန်တိုက်များ၊စျေးဆိုင်များ၊ အဝတ် အထည်စတိုးဆိုင်များ ၊ ဆေးပစ္စည်းအရောင်းဆိုင်များ ၊ ဓာတ်ဆီဆိုင်များ နှင့် စားသောက်ဆိုင်များ ၊ Hotel များ စသည့်နေရာများတွင် ငွေပေးချေခြင်း နှင့် ATM များတွင် ငွေသားထုတ်ယူနိုင်ခြင်း။ ပြည်ပနိုင်ငံများရှိ UPI အမှတ်တံဆိပ်အား လက်ခံသော Online Shopping များ Ecommerce Website များ အဆင့်မြင့်ကုန်တိုက်များ၊စျေးဆိုင်များ၊အဝတ်အထည်စတိုးဆိုင်များ၊ဆေးပစ္စည်းအရောင်းဆိုင်များ၊ဓာတ်ဆီဆိုင်များနှင့် စားသောက်ဆိုင်များ၊ Hotel များစသည့် နေရာများ ငွေပေးချေခြင်းနှင့် UPI အမှတ်တံဆိပ်ပါ ATM များတွင် ငွေသားထုတ်ယူခြင်းကို ပြုလုပ်နိုင်ပါသည်။

၃။ CB Co-branded Credit Card (MPU-UPI) သည် မည်သည့် Card အမျိုးအစားဖြစ်သနည်း။

ပြည်တွင်းတွင်သာမက ပြည်ပတွင်မှာပါအသုံးပြုနိုင်သော Credit Card အမျိုးအစားများဖြစ်ပါသည်။

၄။ CB Co-branded Credit Card (MPU-UPI) အမျိုးအစားဘယ်နှစ်မျိုးရှိသနည်း။

CB Co-branded Credit Card (MPU-UPI)အမျိုးအစား (၃) မျိုးရှိပါသည်။၎င်းတို့မှာ-

- Classic Card
- Gold Card
- Platinum Card

၅။ CB Co-branded Credit Card (MPU-UPI)(၃) မျိုး၏ ကွာခြားချက်များမှာအဘယ်နည်း။

Classic Card - အကြွေးဝယ်ယူခွင့် ကျပ် ၁,၀၀၀,၀၀၀/-အောက်

Gold Card - အကြွေးဝယ်ယူခွင့် ကျပ် ၁,၀၀၀,၀၀၀/- မှ ကျပ် ၄,၀၀၀,၀၀၀/- ထိ

Platinum Card-အကြွေးဝယ်ယူခွင့် ကျပ် ၄,၀၀၀,၀၀၀/- မှ ကျပ် ၅,၀၀၀,၀၀၀/- ထိ ဖြစ်ပါသည်။

၆။ CB Co-branded Credit Card (MPU-UPI)ရရှိရန်မည်သို့ ဆောင်ရွက်ရမည်နည်း။

CB Co-branded Credit Card (MPU-UPI)လျှောက်ထားလိုသူသည် CB Bank ရုံးချုပ်နှင့် CB Bank မည်သည့်ဘဏ်ခွဲတွင်မဆို သတ်မှတ်လျှောက်လွှာတွင် လူကိုယ်တိုင်လျှောက်ထားနိုင်သည်။အသက် (၂၁)နှစ် နှင့်အထက် မည်သူမဆို လျှောက်ထားနိုင်ပါသည်။

၇။ CB Co-branded Credit Card (MPU-UPI)လျှောက်လွှာတင်ရာတွင် မည်သည်တို့ လိုအပ်ပါသနည်း။

CB Co-branded Credit Card (MPU-UPI) လျှောက်ထားသောအခါ တောင်းခံသည့်အထောက်အထားများကို ပေးအပ်ရမည် ဖြစ်ပါသည်။

ဥပမာ-

ဓာတ်ပုံ(၂)ပုံ

မှတ်ပုံတင် (မိတ္တူ)

သန်းခေါင်စာရင်း (မိတ္တူ)

ကုမ္ပဏီ(သို့)အဖွဲ့အစည်းထောက်ခံစာမူရင်း (Letter Head ဖြင့် ဖြစ်ရမည်)

အာမခံပေးမည့် ပုဂ္ဂိုလ်(၁)ဦး၏ ထောက်ခံစာမူရင်း (Letter Head ဖြင့် ဖြစ်ရမည်)

လျှောက်ထားသူ၏ကုမ္ပဏီမှ HR Letter Head ဖြင့်လစာဝင်ငွေ အထောက်အထားများမူရင်း

စီးပွားရေးလုပ်ငန်းရှင်များဖြစ်ပါက စီးပွားရေးလုပ်ငန်းမှ တရားဝင်ရရှိသည့် ဝင်ငွေအထောက်အထားများ

(၁) အခွန်ပြေစာ

(၂) လုပ်ငန်းလိုင်စင်

(၃) အရှုံး/အမြတ်စာရင်း တစ်နှစ်အတွင်း

(၄) Form VI ,Form XXVI , Form E

အငြိမ်းစားများဖြစ်ပါက မူရင်းပင်စင်လစာနှင့် အခြားရရှိသောဝင်ငွေအထောက်အထားများ

(၁) ပင်စင်လစာ စာအုပ် (မိတ္တူ)

(၂) အခြားဝင်ငွေရှိပါက စာချုပ်စာတမ်းအထောက်အထားများ

၈။ CB Co-branded Credit Card (MPU-UPI)ပြုလုပ်ပြီး ကတ်ရရှိရန် ရက်မည်မျှ ကြာမြင့်မည်နည်း။

CB–MPU Credit Card ပြုလုပ်ပြီးကတ်ရရှိရန် (၁၄) ရက်မျှ ကြာမြင့်ပါမည်။

၉။ CB Co-branded Credit Card (MPU-UPI)အားလာရောက်ထုတ်ယူသောအခါ မည်သည်တို့ယူဆောင် လာရမည်နည်း။

CB Co-branded Credit Card (MPU-UPI)အားလာရောက်ထုတ်ယူသောအခါ နိုင်ငံသား စီစစ်ရေးကတ်ပြား တစ်ပါတည်း ယူဆောင်လာရပါမည်။

၁၀။ CB Co-branded Credit Card (MPU-UPI)ရရှိပြီးလျှင် မည်သည်ကိုဦးစွာဆောင်ရွက်ရမည်နည်း။

CB Co-branded Credit Card (MPU-UPI)ရရှိပြီးလျှင် Card ၏ နောက်ကျောဘက်တွင် ပါရှိသည့် လက်မှတ်ရေးထိုးရမည့် နေရာတွင် ချက်ချင်းလက်မှတ်ရေးထိုးရပါမည်။

၁၁။ CB Co-branded Credit Card (MPU-UPI)သည် အသုံးပြုနိုင်ရန် Activate ပြုလုပ်ပြီးသား ဖြစ်ပါသလား။

CB Co-branded Credit Card (MPU-UPI)သည် အသုံးပြုနိုင်ရန် Activate မပြုလုပ်ရသေးပါ။ Card ရရှိပြီးသည့်နောက် Activate ပြုလုပ်ပြီးမှသာအသုံးပြုနိုင်သည်။

၁၂။ CB Co-branded Credit Card (MPU-UPI)အား မည်သို့ Activate ပြုလုပ်ရမည်နည်း။

CB Co-branded Credit Card (MPU-UPI)အား Activate ပြုလုပ်လိုလျှင် CB Bank ၏ Call Center သို့ ဖုန်းဆက်၍ အကြောင်းကြားရပါမည်။CB Bank မှ မေးခွန်းသုံးခုမေးမြန်းပြီးမှန်ကန်မှုရှိပါက Activate ပြုလုပ်ပေးမည် ဖြစ်ပါသည်။ Activate ပြုလုပ်ပြီးပါက Customer ထံသို့ SMS ပေးပို့ပါမည်။

၁၃။ CB Co-branded Credit Card (MPU-UPI) အားActivate ပြုလုပ်ပြီးနောက် မည်သည့်အချိန်တွင် စတင်သုံးစွဲနိုင်သနည်း။

CB Co-branded Credit Card (MPU-UPI) အား Activate ပြုလုပ်ပြီးနောက် (၂၄)နာရီအတွင်း စတင်သုံးစွဲနိုင်ပါသည်။

၁၄။ Customer များသည် CB Co-branded Credit Card (MPU-UPI)ဖြင့် ငွေပေးချေမှုပြုလုပ်ခြင်းကြောင့် ရရှိသော ပြေစာများအား သိမ်းဆည်းထားရန် လိုအပ်ပါသလား။

Customer အနေဖြင့် CB Co-branded Credit Card (MPU-UPI)ဖြင့် ငွေပေးချေမှုပြုလုပ်ခြင်းကြောင့် ရရှိသော ပြေစာများအား သိမ်းဆည်းထားရန် လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြေစာတွင်ပါရှိသော ငွေပမာဏနှင့် ကတ် (သို့) ဘဏ်ငွေစာရင်းနှင့် တဖန်တိုက်ဆိုင်စစ်ဆေးရန် လိုအပ်ပါသည်။ အကယ်၍ ငွေပမာဏမှားယွင်းနေလျှင်(သို့) Customer မပြုလုပ်ခဲ့သော Transaction များရှိလျှင် ဘဏ်(သို့)ကတ်ထုတ်ပေးခဲ့သော အဖွဲ့အစည်းသို့ ဆက်သွယ်ရပါမည်။

၁၅။ CB Co-branded Credit Card (MPU-UPI)မှ သုံးစွဲသည့် ငွေပမာဏအားမည်သည့်အချိန်တွင် ပြန်လည်ပေးသွင်းရမည်နည်း။

CB Co-branded Credit Card (MPU-UPI)မှ သုံးစွဲသည့် ငွေပမာဏ အားသတ်မှတ်ရက် မတိုင်မီ ပြန်လည်ပေးသွင်းရပါမည်။

၁၆။ CB Co-branded Credit Card (MPU-UPI)မှသုံးစွဲသည့် ငွေပမာဏအား အတိုးကင်းလွတ်ခွင့် ပေးထားပါသလား။ အကယ်၍ရှိပါက ရက်ပေါင်းမည်မျှရမည်နည်း။

CB Co-branded Credit Card (MPU-UPI)မှ သုံးစွဲသည့် ငွေပမာဏအားအတိုးကင်းလွတ်ခွင့် ပေးထားပါသည်။ အတိုးကင်းလွတ်ခွင့် ကာလမှာရက်ပေါင်း အနည်းဆုံး(၁၅) ရက် အများဆုံး (၄၅) ရက်ရရှိမည်ဖြစ်ပါသည်။

၁၇။ အတိုးကင်းလွတ်ခွင့်ကာလကျော်လွန်ပါကအတိုးနှုန်းမည်မျှပေးဆောင်ရမည်နည်း။

အတိုးကင်းလွတ်ခွင့်ကာလကျော်လွန်ပါက အတိုးတွက်ချက်ခြင်းကို သုံးစွဲထားသည့်ငွေပမာဏပေါ်တွင် တွက်ချက်သွားမည်ဖြစ်ပါသည်။ တွက်ချက်မည့် အတိုးနှုန်းမှာ(၁၃)ရာခိုင်နှုန်း ဖြစ်ပါသည်။

၁၈။ CB Co-branded Credit Card (MPU-UPI)မှ သုံးစွဲထားသည့်ငွေပမာဏအားမည်သည့် ပုံစံဖြင့် ပြန်လည်ပေးဆပ်ရမည်နည်း။

CB Co-branded Credit Card (MPU-UPI)မှ သုံးစွဲထားသည့်ငွေပမာဏအားအနည်းဆုံးပေးချေမှုပုံစံ (နှင့်) အပြည့်အဝပေးချေမှု ပုံစံဟု (၂) မျိုးခွဲခြားထားပါသည်။ အနည်းဆုံးပေးချေမှုပုံစံတွင် မိမိသုံးစွဲထားသော ငွေပမာဏအပေါ်တွင် မြန်မာကျပ်ငွေ (၄၀၀၀၀) ကျပ် (သို့မဟုတ်) ၁၀ ရာခိုင်နှုန်းပေးချေရပါမည်။ အပြည့်အဝပေးချေမှုပုံစံတွင် မိမိသုံးစွဲသော ငွေပမာဏအားတစ်ကြိမ်တည်းသာပေးဆောင်ရမည်။

၁၉။ မိမိ၏ CB Co-branded Credit Card (MPU-UPI)အားမည်သို့ ထိန်းသိမ်းရမည်နည်း။

မိမိ၏ CB Co-branded Credit Card (MPU-UPI)အားအမြဲလက်ဝယ်ထားရှိရပါမည်။ မိမိကတ်၏ လျှို့ဝှက်နံပါတ်နှင့်ကတ်၏ မျက်နှာပြင်ပေါ်တွင် ရေးသားထားသောအချက်အလက်များအား လုံခြုံစွာထိန်းသိမ်းထားရပါမည်။ အထက်ဖော်ပြပါအချက်အလက်များ ပေါက်ကြားသွားပါက ထိုအချက်အလက်များအား အသုံးပြု၍ အလွဲသုံးစားမှုများ ပြုလုပ်နိုင်ပါသည်။ ကတ်ပိုင်ရှင်သည် ထိုအချက်အလက် ပေါက်ကြားမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများအား တာဝန်ရှိကြောင်းသိရှိနားလည်ရပါမည်။

၂၀။ မိမိ၏ CB Co-branded Credit Card (MPU-UPI)ပျက်စီး/ပျောက်ဆုံးခြင်း (သို့မဟုတ်) မိမိကတ် အချက်အလက်များ ပေါက်ကြားခြင်း ဖြစ်ပေါ်ပါကမည်သို့ လုပ်ဆောင်ရမည်နည်း။

မိမိ၏ CB Co-branded Credit Card (MPU-UPI)ပျက်စီး/ပျောက်ဆုံးခြင်း (သို့မဟုတ်) မိမိကတ် အချက်အလက်များ ပေါက်ကြားခြင်းဖြစ်ပေါ်ပါက Card ၏ နောက်ကျောတွင်ဖော်ပြထားသော HelpDesk တယ်လီဖုန်းနံပါတ် (+၉၅၁ ၃၇၁၁၄၅) (+၉၅၁ ၃၇၈၉၀၅) သို့ ချက်ချင်းအကြောင်းကြား၍ Card သုံးစွဲမှုအား တားမြစ်ရမည်ဖြစ်ပါသည်။အကယ်၍အကြောင်းကြားရန်ပျက်ကွက်မှုကြောင့် တစ်စုံတစ်ရာဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက Card ပိုင်ရှင်မှ တာဝန်ယူရမည်ဖြစ်သည်။CB Bank မှ တာဝန်ယူမည်မဟုတ်ပါ။

၂၁။ ဘဏ်အနေဖြင့်CB Co-branded Credit Card (MPU-UPI)အား မည်သည့်အခြေအနေတွင် အစားထိုးကတ် ထုတ်ပေးသနည်း။

ဘဏ်အနေဖြင့် CB Co-branded Credit Card (MPU-UPI)အစားထိုးကတ် ထုတ်ပေးခြင်းအား အခြေအနေ (၃)ခု ပေါ်တွင် ထုတ်ပေးပါသည်။ ၎င်းတို့မှာ-

(၁) ကတ်ပျောက်သွားခြင်း (သို့) ခိုးယူခံရခြင်း။

(၂) လျှို့ဝှက်နံပါတ် ပေါက်ကြားခြင်း။

(၃) ကတ်ပျက်စီးသွားခြင်း။

၂၂။ ထိုအခြေအနေ (၃)ခုမှ အကြောင်းအရာတစ်စုံတစ်ရာ ဖြစ်ပေါ်ပါကမည်သို့ဆောင်ရွက်ရမည်နည်း။

ထိုအခြေအနေ(၃)ခုမှအကြောင်းအရာတစ်စုံတစ်ရာဖြစ်ပေါ်ပါကကတ်အစားထိုးရယူရန်အတွက် ဝန်ဆောင်ခအဖြစ် MMK- 10,000/- (မြန်မာကျပ်ငွေတစ်သောင်းကျပ်တိတိ)ပေးဆောင်ရပါမည်။ CB Bank မှ အစားထိုးကတ်ထဲသို့ပျက်စီးသွားသော ကတ်အတွင်းမှငွေလက်ကျန်အားပြောင်းရွှေ့ပေးသွားမည်ဖြစ်ပါသည်။

၂၃။ CB Co-branded Credit Card (MPU-UPI) အားဝန်ဆောင်ခမယူဘဲမည်သည့် အခြေအနေတွင် ကတ်အစားထိုးခြင်းအတွက် ဆောင်ရွက်ပေးသနည်း။

CB Co-branded Credit Card (MPU-UPI)အား ကတ်တွင်ပါရှိသော လုံခြုံရေးဆိုင်ရာအချက်အလက်များ ထည့်သွင်းထားသော Chip ချို့ယွင်းခြင်း နှင့် ကတ်ပျောက်ဆုံးခြင်းအတွက် ရဲစခန်းထောက်ခံစာပါရှိပါက ဝန်ဆောင်ခမယူဘဲ ကတ်အစားထိုးခြင်းအတွက် ဆောင်ရွက်ပေးပါသည်။

၂၄။ Customer သည် မိမိ၏ CB Co-branded Credit Card (MPU-UPI)အား အစားထိုးကတ် မရယူလိုဘဲစာရင်းပိတ်လိုပါက မည်သို့ဆောင်ရွက်ရမည်နည်း။

Customer အနေဖြင့် အစားထိုးကတ်မရယူလိုပါက ပျက်စီးသွားသောကတ်မှ စာရင်းလက်ကျန်အတိုင်း ၎င်းကတ်ကို စာရင်းပိတ်ပေးမည်ဖြစ်သည်။ လက်ကျန်ငွေအား CB Bank သို့ အကြေပေးဆပ်ရမည်ဖြစ်ပါသည်။

၂၅။ CB Co-branded Credit Card (MPU-UPI) ၏ မျက်နှာပြင်ပေါ်တွင်ဖော်ပြထားသောကတ်သက်တမ်းထက် ပို၍သုံးစွဲနိုင်ပါသလား။

CB Co-branded Credit Card (MPU-UPI)၏ မျက်နှာပြင်ပေါ်တွင် ဖော်ပြထားသောကတ်သက်တမ်းထက် ပိုသော သက်တမ်းအား သုံးစွဲနိုင်မည်မဟုတ်ပါ။ သက်တမ်းကုန်ဆုံးပါက ကတ်အသစ်အား ထပ်မံပြုလုပ်နိုင်ပါသည်။

၂၆။ CB Co-branded Credit Card (MPU-UPI)သက်တမ်းကုန်ဆုံးသောကြောင့် ကတ်အသစ် ထပ်မံပြုလုပ်သောအခါ ကတ်အဟောင်းမှငွေလက်ကျန်အား ကတ်အသစ်ထဲသို့ ပြောင်းရွှေ့ပေးရန်အတွက် မည်သို့ လုပ်ဆောင်ရမည်နည်း။

CB Co-branded Credit Card (MPU-UPI)သက်တမ်းကုန်ဆုံးသောကြောင့် ကတ်အသစ် ထပ်မံပြုလုပ်သောအခါ ကတ်အဟောင်းမှငွေလက်ကျန်အား ကတ်အသစ်ထဲသို့ပြောင်းရွှေ့ပေးရန်အတွက် ကတ်သက်တမ်းမကုန်ဆုံးမီ ရက်၃၀အတွင်း အကြောင်းကြားရပါမည်။

၂၇။ CB Co-branded Credit Card (MPU-UPI)သုံးစွဲခြင်းအား ရပ်ဆိုင်းခြင်းအတွက် မည်သို့ ဆောင်ရွက်ရမည်နည်း။

CB Co-branded Credit Card (MPU-UPI)သုံးစွဲသူအနေဖြင့် မိမိကတ်အားအကြောင်းအမျိုးမျိုးကြောင့် မသုံးစွဲလိုပါက CB Bank သို့ စာရေး၍သော်လည်းကောင်း၊ E-mail ဖြင့်သော်လည်းကောင်း အကြောင်းကြားရမည်။

၂၈။ CB Bank အနေဖြင့် ကတ်သုံးစွဲခြင်းအား ရပ်ဆိုင်းကြောင်းအကြောင်းကြားစာရရှိပြီးမည်သို့ဆောင်ရွက်မည်နည်း။

CB Bank သည် အကြောင်းကြားစာရရှိပါက ကတ်သုံးစွဲခြင်းအား ရပ်ဆိုင်းမည်ဖြစ်သည်။ သို့သော် ကတ်သုံးစွဲခြင်းအားရပ်ဆိုင်းသည့် အကြောင်းကြားစာ မရရှိမီ အချိန်အတွင်း ပေးဆောင်စရာရှိသည်များကို ကတ်ပိုင်ရှင်မှ ပေးဆောင်ရပါမည်။

၂၉။ CB Co-branded Credit Card (MPU-UPI)အသုံးပြုရန် မည်သည့်ကုန်ကျစရိတ်များပေးဆောင်ရမည်နည်း။

**Issuing Fee**

| | |
|---|---|
| Classic Card | - 10,000 MMK |
| Gold Card | - 15,000 MMK |
| Platinum Card | - 50,000 MMK |

**Annual Regular Fee**

| | |
|---|---|
| Classic Card | - 30,000 MMK |
| Gold Card | - 60,000 MMK |
| Platinum Card | - 120,000 MMK |

**Late Payment Fee**

| | |
|---|---|
| Minimum Fee | - 10,000 MMK |
| Maximum Fee | - 20,000 MMK |
| Actual Fee Charge (%) | - 5% ( Per Month ) |
| Credit Usage Charge | - 13 % ( Per Annual ) |

**Pin Re-issue Fee (All Card Type)** **-** 3,000 MMK

**Card Renewal Fee (All Card Type)** **-** 10,000 MMK

**Cash Advance Fee**

| | |
|---|---|
| Minimum | - 3000 MMK (or ) 1 % of Withdraw Amount |

**Repayment**

| | |
|---|---|
| Minimum Amount | - 40,000 MMK (or )10% of Outstanding Balance |
| Interest | - 13 % ( Per Annual ) |
| Admin Fee | - 10,000 MMK |
| Statement Reprint Fee | - 3,000 MMK |

၃၀။ CB Co-branded Credit Card (MPU-UPI)ကိုအသုံးပြုပါကကန့်သတ်ချက်များရှိပါသလား။

CB Co-branded Credit Card (MPU-UPI)ကိုအသုံးပြုပါက ကန့်သတ်ချက်များရှိပါသည်။ (လိုက်နာရမည့် အသေးစိတ်အချက်အလက်များကို CB Co-branded Credit Card (MPU-UPI)၏ Terms& Conditions တွင် ဖော်ပြထားပါသည်။)

၃၁။ CB Co-branded Credit Card (MPU-UPI)တစ်ကတ်တွင် ဆင့်ပွားကတ် အသုံးပြု ခွင့်ရှိ ပါသလား။ ရှိခဲ့လျှင် မည်မျှ ပြုလုပ်ခွင့်ရှိသနည်း။

ရှိပါသည်။ ဆင့်ပွားကတ် (၅) ကတ်ပြုလုပ်ခွင့် ရှိပါသည်။

၃၂။ ဆင့်ပွားကတ်ပြုလုပ်ရန် မည်သည်တို့ လိုအပ်သနည်း။

ဆင့်ပွားကတ်ပြုလုပ်ရန် မူလကတ်ပိုင်ရှင်၏ အထောက်အထားများနှင့် ဆင့်ပွားကတ် ပြုလုပ်လိုသူ၏ နိုင်ငံသား စီစစ်ရေးကတ်ပြား (သို့ မဟုတ်) Passport တို့ အား ယူဆောင်လာရမည်။

၃၃။ ဆင့်ပွားကတ် ၏ သုံးစွဲငွေပမာဏများအတွက် ငွေပေးချေမှု နှင့် ငွေပြန်လည် ပေးသွင်းမှု များအားမည်သို့ ဆောင်ရွက်မည်နည်း။

ဆင့်ပွားကတ်၏ သုံးစွဲငွေပမာဏများအတွက် ငွေပေးချေမှုနှင့် ငွေပြန်လည်ပေးသွင်းမှုများအား မူလကတ် ပိုင်ရှင်၏ ကတ်မှသာပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါသည်။